

Ma O' Sar
နတ်ကိုင် ကြာမ်

# အခန်း (၁)

(၁၉၈၂…ခုနှစ်ဝန်းကျင်ကာလ)

"အား…နာတယ်၊

အောင်မလေးကယ်ကြပါဦးတော့"

ငယ်သံပါအောင်အော်ဟစ်လိုက်တဲ့ အသံကြီးကမင်းတောရွာရဲ့ နံနက်ခင်းကိုအကျည်းတန်သွားစေတယ်။

"ဟ…ဘယ်ကအသံလဲကွ၊သွားရအောင်ဟေ့၊ရွာအလယ်ပိုင်းကကွ၊အလယ်ပိုင်းက"

ဆိုတဲ့ အသံတွေပွက်လောရိုက်သွားပြီးတစ်ရွာလုံးယောက်ယက်ခတ်သွားတယ်။

အသံကသူကြီးဦးပွင့်ရဲ့ ခြေတံရှည်အိမ်ကြီးပေါ်ကထွက်ပေါ်လာတယ်။

ရွာသူရွာသားတွေဟာသူကြီးရဲ့ အိမ်ပေါ်ကိုအပြေးအလွှားတက်ကြည့်တဲ့ အခါမှာ တော့…

"ကယ်…ကယ်ကြပါဦး၊နာတယ်အရမ်းနာတယ်"

သူကြီးသမီးမြပွင့်ဟာညာဘက်လက်ကိုကျန်လက်တစ်ဖက်နဲ့ ဆုပ်ကိုင်ရင်းကြမ်းပေါ်လူးလိမ့်နေရှာတယ်။

"ဘာဖြစ်တာလဲ…မြပွင့်ဘာဖြစ်တာလဲသူကြီး"

လို့ ဝိုင်းဝန်းမေးမြန်းကြကုန်တယ်။

သူကြီးဦးပွင့်ကသမီးဖြစ်သူနံဘေးဆောင့်ကြောင့်ထိုင်လျက်…

"ဘာဖြစ်မှန်းကိုမသိဘူးဟ၊သူ့အသံကြားလို့ ငါထွက်ကြည့်မှ ဒီလိုဖြစ်နေတာတွေ့ရတာ၊လုပ်ကြပါဦးကွာ"

လို့ ကတုန်ကယင်အသံနဲ့ ပြောလိုက်တယ်။

ဒီအချိန်မှာ ပဲဆေးဆရာကြီးရောက်ရှိ လာပြီး…

"ဖယ်ကြစမ်း၊ငါကြည့်မယ်….ငါကြည့်မယ်"

လို့ အော်ဟစ်ရင်းစုပြုံနေတဲ့ လူအုပ်ကြားထဲတိုးဝင်လိုက်တယ်။

မြပွင့်တစ်ယောက်မျက်ရည်ပိုးပိုးပေါက်ပေါက်ကျလျက်လူးလိမ့်နေရကာ…

"ကျုပ်….. လက်ထဲကအရမ်းနာတယ်၊ဆရာကြီး၊ကယ်ပါဆရာကြီး…ကယ်ပါရှင်"

ဆေးဆရာကြီးဟာမြပွင့်ရဲ့ လက်ကိုကြည့်လိုက်တဲ့ အခါမျက်လုံးပြူးသွားပြီး…

"ဟ…ဘာဒဏ်ရာမှ လည်း မရှိပါလား"

လို့ တအံ့တဩရေရွတ်လိုက်တယ်။

မြပွင့်ကဝေဒနာကိုအလူးအလဲခံစားနေရာမှ …

"လက်ရဲ့ အသားထဲကနာနေတာတော်၊နာလွန်းလို့ သေတော့မယ်၊လုပ်ပါဦး…ဆရာကြီးရဲ့ "

ဆေးဆရာကြီးဟာခေါင်းကိုကုတ်ဖွလိုက်ရင်း...

"အေး...အေးပါဟ၊အရင်ကထိခိုက်မိတာရှိလို့ နာနေတာဖြစ်ရမယ်၊နင်ဘာမှ စိတ်မပူနဲ့ ၊ငါဆေးစည်းပေးမယ်"

ဆေးဆရာကြီးကလွယ်အိတ်ထဲကပတ်တီးတွေဒဏ်ကြေဆေးဘူးတွေကိုကတုန်ကယင်နဲ့ ထုတ်လိုက်တယ်။

သူကြီးကကတုန်ကယင်ဖြစ်နေတဲ့ ဆေးဆရာကြီးကိုစိတ်မရှည်တော့ဘဲ...

"အမြန်လုပ်စမ်းပါဆရာပြောင်ရ၊ကျုပ်သမီးလေးအရမ်းနာနေပြီ၊ခင်ဗျားဟန်ပြင်နေတာနဲ့ ကလေးအသက်ထွက်တော့မယ်ဗျ"

လို့ ဒေါသသံနဲ့ လှမ်းပြောလိုက်တယ်။

ဒီအချိန်မှာ ပဲမြပွင့်ဟာကြမ်းပေါ်လူးလိမ့်နေရာကဆတ်ခနဲထထိုင်လိုက်တယ်။

သူမရဲ့ ရုတ်တရက်အပြုအမူကြောင့်ဆေးဆရာကြီးကိုယ်တိုင်လန့်ဖျပ်ပြီးနောက်ပြန်လဲကျသွားတယ်။

မြပွင့်ကလက်ကိုငုံ့ကြည့်ရင်း...

"မနာတော့ဘူး၊လက်...လက်ထဲကလုံးဝမနာတော့ဘူးဆရာကြီး"

လို့ ဝမ်းသာအားရသံကြီးနဲ့ ပြောလိုက်တယ်။

သူမရဲ့ စကားကြောင့်အံ့ခဲနေတဲ့ ရွာသားအုပ်ကြီးဟာ 'ဟာ' ခနဲဖြစ်သွားကြတယ်။

သူကြီးဦးပွင့်ကိုယ်တိုင်ပါးစောင်မှာ ခဲထားတဲ့ ဆေးတံကြီး 'ဒေါင်' ခနဲပြုတ်ကျသွားရင်း...

"ဟင်…မ…မနာတော့ဘူးဟုတ်လား"

လို့ သံယောင်လိုက်ရေရွတ်မိတယ်။

ဆေးဆရာဦးပြောင်ကမြပွင့်ကိုမျက်လုံးကြီးပြူးကြည့်ရင်း…

"တယ်ထူးဆန်းပါလား၊ဆေးတောင်မလူးရသေးဘူးရောဂါကသက်သာနေပြီ၊မြပွင့်….နင်ငါတို့ ကိုအရူးလုပ်နေတာလားဟ"

လို့ အသံမာကြီးနဲ့ မေးလိုက်တယ်။

မြပွင့်ကမျက်ရည်တွေကိုသုတ်လိုက်ရင်း…

"မနာတော့လို့ မနာတော့ဘူးပြောတာပေါ့၊ခုနကဆိုကျုပ်ကိုယ်တိုင်သေမတတ်ခံစားနေရတာဆရာပြောင်မတွေ့ဘူးလား၊ကျုပ်ကိုယ်တိုင်လည်း တွေးမရဘူး၊လက်တစ်ဖက်လုံးပြုတ်ထွက်မတတ်နာကျင်ရတာ၊အရှင်းသက်သာသွားတာကို"

လို့ ပြောလိုက်တဲ့ အခါရွာသူရွာသားတွေဟာမြပွင့်ကိုကြောင်ငေးကြည့်ရင်း…

"ဒါတော့ဟုတ်တယ်ဗျ၊ခုနကမြပွင့်ကိုကြည့်ပြီးကျုပ်တို့ တောင်အရမ်းစိုးရိမ်သွားတာ၊ဒါပေမဲ့…ပေါ့တော့မပေါ့နဲ့ မြပွင့်ရ၊မြို့တက်ပြီးဆေးခန်းလေးဘာလေးပြကြည့်ဦးဟ"

လို့ ပြောဆိုကြသလိုနောက်ပြောင်တတ်တဲ့ ကာလသားလူငယ်တွေက…

"ကြည့်ရတာမြပွင့်ရဲ့ ဝေဒနာကဆရာပြောင်ရဲ့ ပတ်တီးလိပ်ကြီးကိုကြောက်ပုံရတယ်၊ဆရာပြောင်ပတ်တီးဖြေနေတုန်းမှာ ပဲယူပစ်သလိုပျောက်သွားတာဗျို့"

လို့ ကျီစယ်ကြသလို၊သက်ကြီးပိုင်းမိန်းမတချို့က…

"ဒီမယ်သူကြီးရဲ့ စက္ကန့်ပိုင်းလေးအတွင်းမှာ ဝေဒနာခံစားရပြီးလုံးဝ ပျောက်ကွယ်သွားတယ်ဆိုတာသွေးရိုးသားရိုးမဖြစ်နိုင်ဘူးနော်၊မြပွင့်ကို မကျေနပ်တဲ့ လူကများကိုင်လိုက်လားမသိဘူး"

မိန်းမကြီးတစ်ယောက်ရဲ့ စကားကြောင့်အိမ်ပေါ်ရှိလူအားလုံးမျက်နှာကွက်ခနဲပျက်သွားကြတယ်။

မြပွင့်ကိုယ်တိုင်မျက်လုံးများ ဝိုင်းစက်လျက် 'ရှင်'ခနဲရေရွတ်မိသွားတယ်။

*

အပိုင်း (၂)

## "သူကြီးသမီးဘာဖြစ်တာလဲ"

ရန်ကုန်မြို့ဘောက်ထော်ဘက်ရှိခြံဝန်းကျယ်နှစ်ထပ်တိုက်ကြီးအတွင်းဝယ်နှစ်ထပ်တိုက်အတွင်းရှိအိမ်သားအားလုံးမှာ အိပ်ခန်းကျယ်ကြီးအတွင်းစုပြုံးရောက်ရှိနေကြတယ်။

အိမ်သားတွေဟာမျက်နှာမသာမယာနဲ့ အိပ်ရာပေါ်လှဲနေတဲ့ မိန်းမပျိုတစ်ဦးကိုငေးစိုက်ကြည့်နေရှာတယ်။

မိန်းမပျိုရဲ့ နှာခေါင်းနဲ့ လက်တွေမှာ ဆေးပိုက်တွေကမြင်ရက်ဖွယ်ပင်မရှိ။

မိန်းမပျိုဟာနွမ်းလျနေတဲ့ မျက်လုံးလေးနဲ့ အတူမျက်လုံးကိုမှေးစင်းရင်း...

"မော...မောလိုက်တာ၊ အသက်ရှူမဝဘူးမေမေရယ်၊သမီး...သမီးအရမ်းမောတာပဲ"

လို့ တီးတိုးရေရွတ်လိုက်တယ်။

စိန်နားကပ်ရောင်တဖျတ်ဖျတ်လက်နေသောအမျိုးသမီးကြီးမှာ ကရုဏာသက်စွာဖြင့်...

"အေးပါသမီးရယ်...ဒေါက်တာ့ကိုဖုန်းဆက်ပြောထားပါတယ်၊ခဏ

လေးပါသမီးရယ်ခဏလေးပါ"

လို့ နှစ်သိမ့်စကားဆိုလိုက်တယ်။

ဒီအချိန်မှာ ပဲအခန်းထဲကိုရွှေကိုင်းမျက်မှန်တပ်ဆရာဝန်ကြီးတစ်ဦးရောက်ရှိလာတယ်။

ဆရာဝန်ကသူမရဲ့ လက်ကကျပ်စည်းထားတဲ့ ဒဏ်ရာကိုကြည့်ရင်း...

"နောက်သုံးရက်လောက်ဆိုရင်ဖြေလို့ ရပါပြီနေရထိုင်ရတာရောဘယ်လိုနေလဲ"

"အသက်ရှူမဝဘူးဒေါက်တာ၊အရမ်းကျပ်တာပဲ"

ထားရဲ့ ညည်းညူသံကြောင့်ဆရာဝန်က...

"ထားကအရင်ထဲကနှလုံးအားနည်းတဲ့ အခံရှိနေတာလေ၊ရေချိုးခန်းထဲမှာ ချော်လဲတော့ထိတ်လန့်တဲ့ အရှိန်နဲ့ ရောဂါပြန်ထလာတာပါ၊ဒါပေမဲ့...စိုးရိမ်စရာတော့မရှိပါဘူးထားရဲ့ ၊ကိုယ်ပေးတဲ့ ဆေးကိုသာအချိန်မှန်သောက်ရင်အသက်ရှူမဝတာတွေ၊နှလုံးအောင့်တာတွေလုံးဝမခံစားရတော့ဘူးထားရဲ့ "

လို့ ပြောရင်းဆေးတစ်လုံးထိုးပေးလိုက်တယ်။

ပြီးတော့...ဆရာဝန်ကစိန်နားကပ်နဲ့ အမျိုးသမီးကြီးကိုမျက်ရိပ်ပြရင်းအခန်းပြင်ခေါ်ထုတ်သွားတယ်။

အခန်းပြင်ရောက်တဲ့ အခါ...

"ပြောရမှာ တော့စိတ်မကောင်းစရာပဲအန်တီရယ်...ထားရဲ့ ရောဂါအခြေကအဆိုးဝါးဆုံးအဆင့်ကိုရောက်နေပြီ"

ဆရာဝန်ရဲ့ စကားကြောင့်အမျိုးသမီးကြီးဟာမျက်ရည်စို့သွားရင်း…

"အန်တီလည်း ဒီလိုပဲထင်မိပါတယ်၊ခုချိန်မှာ သမီးလေးကိုကြည့်ပြီး စိတ်မကောင်းရုံကလွဲလို့ ဘာများ တတ်နိုင်ပါ့မလဲကွယ်၊သူ့ရဲ့ နှလုံးရောဂါကမွေးရာပါဖြစ်နေတာကိုး"

လို့ မချတင်ကဲရေရွတ်လိုက်တယ်။

ဆရာဝန်ကသက်ပြင်းချရင်း…

"ဟုတ်တယ်အန်တီ၊နှလုံးကိုခွဲစိတ်ကုသဖို့ ဆိုတာကလည်း ခုချိန်မှာ လုံးဝမဖြစ်နိုင်ဘူး၊ထားကိုသူ့ရဲ့ နောက်ဆုံးအချိန်လေးမှာ စိတ်ချမ်းသာအောင်ထားပြီးသူဖြစ်စေချင်တာတွေလုပ်ပေးရုံကလွဲလို့ ကျွန်တော်တို့ ဘာမှ မတတ်နိုင်တော့ပါဘူး"

လို့ စိတ်မသက်မသာဟန်နဲ့ ရေရွတ်လိုက်တယ်။

*